K4U ကျောင်းဖြစ်စဉ်နှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာန၏ ဆောင်ရွက်ချက်များအား

ထုတ်ပြန်ကြေညာခြင်း

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၉) ရက်

၁။ K4U ကျောင်းဖြစ်စဉ်နှင့် ပတ်သက်၍ ပညာရေးဝန်ကြီးဌာနသည် K4U စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အကြံပြုချက်အတိုင်း ဆရာ၊ ဆရာမများ လုံခြုံရေး ကိစ္စများ စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်းသွားလာနိုင်ရန် စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။

၂။ ၎င်းပြင် K4U ကဲ့သို့ Data ကျိုးပေါက်ခြင်း မဖြစ်စေရန်အတွက် Online ကျောင်းများအတွက် ဆက်သွယ်ရေး၊ သတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာနနှင့် ပူးပေါင်း၍ Information and Technology Security Guideline ရေးဆွဲပြီး ဆောင်ရွက်လျက်ရှိကြောင်း အသိပေးအပ်ပါသည်။

၃။ K4U စုံစမ်းစစ်ဆေးရေးကော်မရှင်၏ အစီရင်ခံစာပါ အပိုဒ်(၃-ဂ)ပါ အကြံပြုချက်အရ Social Media ပေါ်တွင် ပြစ်တင်စွပ်စွဲသူနှင့် ပြစ်တင်စွပ်စွဲခံရသူများကို (၁၈.၁.၂၀၂၃) တွင် သီခြားစီတွေ့ဆုံ၍ လည်းကောင်း၊ (၁၉.၁.၂၀၂၃)ရက်နေ့ နှစ်ဖက်တွေ့ဆုံ၍ လည်းကောင်း ညှိနှိုင်းဖြေရှင်းမှုများ ဆောင်ရွက်ပေးခဲ့ပါသည်။

ပညာရေးဝန်ကြီးဌာန

အမျိုးသားညီညွတ်ရေးအစိုးရ

K4U စုံစမ်းစစ်ဆေးရေးကော်မရှင်

အစီရင်ခံစာနှင့်ပတ်သက်သောထုတ်ပြန်ကြေညာချက်

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၉)ရက်

၁။ Kaung for you (K4U) ကျောင်း အချက်အလက်ပေါက်ကြားမှုနှင့် ဆရာ၊မများအား ဖမ်းဆီးခံရမှု ကျောင်းသားမိဘများအား ငွေညှစ်ခြိမ်းခြောက်ခံရမှုနှင့်နောက်ဆက်တွဲအဖြစ်အပျက်များအား အမျိုးသားညီညွတ်ရေးအစိုးရက စုံစမ်းစစ်ဆေးဖြေရှင်းပေးနိုင်ရန် Kaung for you (K4U) ကျောင်း ဖြစ်စဉ်မှန် ပေါ်ပေါက်ရေးနှင့် အရေးယူဆောင်ရွက်နိုင်မှုတို့အတွက် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ပညာရေးနှင့်ကျန်းမာရေး ပြည်ထောင်စုဝန်ကြီး ဒေါက်တာဇော်ဝေစိုး ဥက္ကဋ္ဌအဖြစ်ဦးဆောင်၍ ပညာရေးဝန်ကြီးဌာန၊ တရားရေးဝန်ကြီးဌာန၊ ဆက်သွယ်ရေးသတင်းအချက်အလက်နှင့် နည်းပညာဝန်ကြီးဌာန၊ ပြည်ထဲရေးနှင့် လူဝန်မှု ကြီးကြပ်ရေးဝန်ကြီးဌာန၊ အမျိုးသမီးလူငယ်နှင့် ကလေးသူငယ်ရေးရာဝန်ကြီးဌာနမှ တာဝန်ရှိသူများဖြင့် စုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၂၂ ခုနှစ်၊ ဩဂုတ်လ(၁၀)ရက်နေ့တွင် လုပ်ငန်းတာဝန် (၅)ရပ်ဖြင့် အမျိုးသားညီညွတ်ရေးအစိုးရ၊ ပြည်ထောင်စုဝန်ကြီးချုပ်ရုံး၏ အမိန့်ကြော်ငြာစာအမှတ် ၄/၂၀၂၂ဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထိုစုံစမ်းစစ်ဆေးရေးကော်မရှင်မှ (၂၂.၈.၂၀၂၂) ရက်နေ့တွင် စုံစမ်းစစ်ဆေးရေး အဖွဲ့(၅)ဖွဲ့ ဖွဲ့စည်း၍ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်ခဲ့ပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ တွေ့ရှိချက်

၂။ (က) ယခုဖြစ်စဉ်သည် K4U ကျောင်းတွင် စီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များ၊ အချင်းချင်း မပြေလည်မှုများ၊ အခြားသော ကျောင်းပြင်ပ မပြေလည်မှုများနှင့် တိုက်ရိုက်ဆက်စပ်မှုရှိသည် ဟု ယူဆနိုင်ပြီး ယခုဖြစ်စဉ်တွင် K4U ကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ရုံးအဖွဲ့တွင် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။

(ခ) Kaung For You ကျောင်းသည် Online ဆက်သွယ်ရေးနည်းပညာကို အဓိက အသုံးပြု သင်ကြားရသည့် တော်လှန်ရေးကာလအတွင်း ဖွင့်လှစ်ထားသည့် ကျောင်းဖြစ်ပြီး ဒေတာအချက်အလက် လုံခြုံရေး ထိန်းသိမ်းသည့် ကိစ္စရပ်များတွင် အားနည်းချက်များ ရှိကြောင်း တွေ့ရှိရပါသည်။

(ဂ) K4U ကျောင်း၏ တာဝန်ရှိသူများမှ အဓိက စွပ်စွဲခံရသူ လာရောက်ဖြေရှင်းရန် လိုအပ်ကြောင်း တွေ့ရှိရပါသည်။

(ဃ) ဆက်သွယ်ရေးကွန်ယက်ပေါ်တွင် လူတစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခုခုကို အကြောင်းအချက် ခိုင်လုံမှုမရှိဘဲ စွပ်စွဲပါက ပြစ်မှုမြောက်နိုင်ပါသည်။ တော်လှန်ရေး အင်အားစု အချင်းချင်း ဝေဖန်တိုက်ခိုက်ခဲ့သည့် လုပ်ရပ်အသီးသီးအတွက် ဝေဖန်တိုက်ခိုက်ခဲ့သူအသီးသီးတွင် တာဝန်ရှိကြောင်း တွေ့ရှိရပါသည်။

(င) သက်သေအများစုသည် စစ်ဆေးနေစဥ်အတွင်း တိတိကျကျဖြေကြားမှု မပြုခြင်း၊ အချက်အလက်များစွာကို ထိန်ချန်ထားခြင်းများရှိပြီး ပူးပေါင်းဆောင်ရွက်မှု အားနည်းသည် ကို ထင်ထင်ရှားရှားတွေ့ရပါသည်။

(စ) K4U ကျောင်း Facebook Page ၏ Comment Box တွင် ရေးသားသော ကျောင်းသားမိဘများထံသို့ အကြမ်းဖက်စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး (အွန်လိုင်း)အထူးအဖွဲ့မှ အကောင့်အတုများ ဖြင့်(Online Shopping အကောင့်များအပါအဝင်) ဆက်သွယ်၍ အယုံသွင်းချဥ်းကပ်ခဲ့ပြီး ၎င်းတို့၏ ဖုန်းနံပါတ်၊ လိပ်စာများရယူခဲ့သည်ကို အထောက်အထား ခိုင်လုံစွာတွေ့ရှိရပါသည်။

(ဆ) မိဘပြည်သူကျောင်းသားတို့အနေဖြင့် အွန်လိုင်းကျောင်းများအပေါ် အားကိုးယုံကြည်မှုကင်းမဲ့စေရန် နှင့် အွန်လိုင်းကျောင်းများပျက်စီးစေရန် ရည်ရွယ်၍ အကြမ်းဖက်စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး (အွန်လိုင်း)အထူးအဖွဲ့သည် အွန်လိုင်းကျောင်းများ၏ Facebook Page များ၊ Telegram, Viber အစရှိသော ဆက်သွယ်ရေးချန်နယ်များမှတဆင့် ဝင်ရောက်ချိတ်ဆက်ပြီး မိဘကျောင်းသားများ ၏ Cyber Security ဗဟုသုတအားနည်းမှုကို အခြေခံ၍ လိုအပ်သော အချက်အလက်များကို ရယူကာ ခြိမ်းခြောက်အကြပ်ကိုင်မှုများကို ပြုလုပ်ခဲ့ကြောင်းထောက်လှမ်းတွေ့ရှိရပါသည်။

စုံစမ်းစစ်ဆေးရေးကော်မရှင်၏ သုံးသပ်အကြံပြုချက်

၃။ (က) ယခုဖြစ်စဥ်နှင့်ပတ်သက်၍ တာဝန်အရှိဆုံးမှာ K4U ကျောင်း၏ စီမံခန့်ခွဲရေးအဖွဲ့နှင့် ရုံးအဖွဲ့ဖြစ်ပါသည်။

(ခ) K4U ဖက်က အဓိကစွပ်စွဲသူ လာရောက်ဖြေရှင်းရန် လိုအပ်သော်လည်း ၎င်းနှင့်အဆက်အသွယ်ပြတ်နေပါသဖြင့် လက်တလောတွင် အဖြစ်မှန် အပြည့်အစုံ ပေါ်ပေါက်ရန် ခက်ခဲပါသည်။

(ဂ) အထောက်အထားမခိုင်လုံဘဲ Social Media ပေါ်တွင် ပြစ်တင်စွပ်စွဲခဲ့သည့်အတွက် တာဝန်ယူဖြေရှင်းလိုအပ်ပြီး ၎င်းသက်ဆိုင်ရာ စွပ်စွဲခံရသူများသည်လည်း မိမိတို့၏ နွေဦးတော်လှန်ရေးတွင် တက်ကြွစွာပါဝင် ဆောင်ရွက်နေကြသူများဖြစ်ပြီး အချင်းချင်းပြန်လည် ညှိနှိုင်းဆွေးနွေးဖြေရှင်းသင့်ပါသည်။

(ဃ) စုံစမ်းစစ်ဆေးမှုမှတ်တမ်းများအားလုံးကို စနစ်တကျသိမ်းဆည်းထားပြီး ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူများ၊ မိဘများ၏ လုံခြုံရေးထိခိုက်ခံရပြီး တချို့အဖမ်းဆီးခံရခြင်း၊ ခြိမ်းခြောက်ငွေညှစ်ခံရခြင်း၊ သင်ကြားသင်ယူရေးထိခိုက်ပျက်စီးရပြီး ကလေးများပညာသင်ယူမှုကစဥ့်ကလျားဖြစ်ရခြင်းအပေါ် အဓိကတာဝန်ရှိသူများအပါအဝင် ပတ်သက်ဆက်နွယ်သူများအားလုံးကို အသွင်းကူးပြောင်းရေးဆိုင်ရာ တရားမျှတမှု (Transitional Justice) လုပ်ငန်းစဥ်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားရန်လိုအပ်ပါသည်။

(င) ယခုကဲ့သို့ ဖြစ်စဥ်များ ထပ်မံမဖြစ်ပေါ်စေရန်အတွက် ပညာရေးဝန်ကြီးဌာနအနေနဲ့ K4U နဲ့ပတ်သက်ပြီး ဆရာ၊ဆရာမတွေ လုံခြုံရေးကိစ္စများစီစဥ်ဆောင်ရွက်ပေးခြင်း၊ ဘေးကင်းလုံခြုံရာသို့ ရွှေ့ပြောင်း သွားလာနိုင်ရန်စီစဥ်ဆောင်ရွက်ပေးခြင်း၊ လိုအပ်သောညွှန်ကြားချက်များထုတ်ပြန်ကြေညာခြင်းများ ပြုလုပ်ရန်နှင့် အွန်လိုင်းကျောင်းများ ဘေးကင်းလုံခြုံစေရန်

ဆက်သွယ်ရေး၊သတင်းအချက်အလက်နှင့်နည်းပညာဝန်ကြီးဌာန နှင့် ပူးပေါင်း၍ guideline ရေးဆွဲပြီး ကျောင်းများ လိုက်နာမှုရှိ/မရှိကို အထူးကြပ်မတ်စစ်ဆေးရန် လိုအပ်ပါသည်။

(စ) အွန်လိုင်းကျောင်းများ ပျက်စီးရန်၊ ပြည်သူ့ပညာရေးအကောင်အထည်ဖော်မှုကို မိဘပြည်သူများ ယုံကြည်မှုကင်းမဲ့ရန် အမျိုးသားညီညွတ်ရေးအစိုးရ၏ ဖက်ဒရယ်ဒီမိုကရေစီပညာရေး ဖော်ဆောင်မှုကို နှောင့်နှေးစေရန် အကြမ်းဖက်စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး (အွန်လိုင်း) အထူးအဖွဲ့ လှုပ်ရှားဆောင်ရွက်မှုများကို ကျောင်းသားမိဘပြည်သူများ သိရှိသတိပြုမိစေရေး အတွက် ဆောင်ရွက်ရန် လိုအပ်ပါသည်။

(ဆ) ယခု K4U ကျောင်း၏ ခြိမ်းခြောက်ငွေညစ်မှုဖြစ်စဉ်ပေါ် သင်ခန်းစာရယူ၍ အွန်လိုင်းကျောင်းများ အားလုံး အနေဖြင့် အကြမ်းဖက်စစ်တပ်၏ စိတ်ဓာတ်စစ်ဆင်ရေး (အွန်လိုင်း)အထူးအဖွဲ့၏ လှုပ်ရှားမှုများကို ကျောင်းသူ၊ကျောင်းသားများ၊ မိဘများကို နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားထားရန် လိုအပ်ပါသည်။ အွန်လိုင်းကျောင်းများအားလုံးအနေဖြင့် ထူးခြား ဖြစ်စဉ်များတွေ့ရှိပါက သက်ဆိုင်သူများ၊တာဝန်ရှိသူများကို အချိန်နှင့်တပြေးညီ ချိတ်ဆက်ပြီး အလျင်အမြန်ဖြေရှင်း ဆောင်ရွက်ရန် လိုအပ်ပါသည်။ လိုအပ်လျှင် လူမှုကွန်ရက် Public Post များတွင် မှတ်ချက် Comment ပေးခွင့် ပိတ်ထားသင့်ပါသည်။

K4U စုံစမ်းစစ်ဆေးရေးကော်မရှင်
အမျိုးသားညီညွတ်ရေးအစိုးရ